၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၆ ရက်

# မြန်မာသီလဝါအက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ် ကုမ္ပဏီ လီမိတက် နှင့် GCL System Integration Technology Co., Ltd. (GCL SI) တို့အကြား နားလည်မှုစာချွန်လွှာ (MOU) ရေးထိုးခြင်းအား ကြေညာခြင်း

ကျွန်ုပ်တို့ မြန်မာသီလဝါအက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ် ကုမ္ပဏီလီမိတက် (“MTSH”) ၏ ဒါရိုက်တာအဖွဲ့မှ တာဝန်ရှိသူများ သည် ၂၀၂၅ ခုနှစ်၊ ဇွန်လ၊ ၁၁ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့၌ ကျင်းပပြုလုပ်သော SNEC PV Power EXPO သို့ GCL System Integration Technology Co., Ltd. (GCL SI) ၏ ဖိတ်ကြားချက်အရ တက်ရောက်ခဲ့ပြီး (“MTSH”) နှင့် (GCL SI) တို့အကြား နားလည်မှုစာချွန်လွှာ ( MOU ) လက်မှတ်ရေးထိုးခဲ့ကြောင်း ဝမ်းမြောက်စွာဖြင့် အသိပေးအပ်ပါသည်။ ဤနားလည်မှုစာချွန်လွှာ ( MOU ) အရ MTSH နှင့်အတူ မြန်မာနိုင်ငံ၏ ပြန်လည် ပြည့်ဖြိုးမြဲ စွမ်းအင် မှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု စွမ်းရည် ၁၀၀ မီဂါဝပ် အထိရှိသောနေရောင်ခြည်ဓာတ်အားစနစ်များ (Floating Photovoltaic Power Plant နှင့် Centralized Photovoltaic Power Plant အပါအဝင်) တည်ဆောက်နိုင်မှုကို အတူတကွဆန်းစစ်သုံးသပ်ရန် နှင့် ပူးပေါင်းလုပ်ဆောင်မှုအဖွဲ့ တစ်ခုကိုတည်ထောင်၍စီမံကိန်း၏ဖြစ်နိုင်မှုကိုထိရောက်စွာ ဆန်းစစ် သုံးသပ်ရန်” ရည်ရွယ်ချက်တို့ဖြင့် ရေးထိုးခဲ့ပါသည်။

**Golden Concord Holdings Limited (GCL Group)** သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ ထင်ရှားသော စွမ်းအင် ကုမ္ပဏီကြီး တစ်ခုဖြစ်ပြီး 1990 ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ဌာနချုပ်မှာ ဟောင်ကောင် တွင်တည်ရှိပါသည်။ GCL သည် သန့်ရှင်း၍ ပြန်လည် သုံးစွဲနိုင်သော စွမ်းအင်နည်းပညာများကို အထူးပြုလုပ်ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းများ အနေဖြင့် လျှပ်စစ် ဓာတ်အား ထုတ်လုပ်ခြင်း၊ နေရောင်ခြည် စွမ်းအင် ဆိုင်ရာပစ္စည်းများ (PV materials) ၊ ရေနံနှင့် ဓာတ်ငွေ့၊ Green Smart City များ တည်ဆောက်ခြင်း နှင့် ငွေကြေး ဝန်ဆောင်မှုများ ကို ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီကြီး တစ်ခု ဖြစ်ပါသည်။

GCL ၏ လက်အောက်ခံ **GCL System Integration Technology Co., Ltd. (GCL SI)** သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် သန့်ရှင်း၍ ရေရှည်တည်တံ့သောစွမ်းအင်ကိုအထူးပြုသည့်နယ်ပယ်တွင်ဦးဆောင်လျက် ရှိသောနည်းပညာ ကုမ္ပဏီ တစ်ခု ဖြစ်သည်။ 2015 ခုနှစ်တွင် တရုတ် Shenzhen စတော့ရှယ်ယာ ဈေးကွက် (002506.SZ) တွင် အများပိုင် ကုမ္ပဏီ တစ်ခုဖြစ်လာခဲ့သည်။ လက်ရှိတွင် GCL SI သည် ကမ္ဘာတစ်ဝန်း၌ ဆိုလာစွမ်းအင်ဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး တရုတ်ပြည်မကြီးတွင် မော်ဂျူးထုတ်လုပ်မှုစက်ရုံသုံးခု နှင့် ဗီယက်နမ်တွင်တစ်ခု တည်ထောင်ထားကာ ကြီးမားသော ထုတ်လုပ်မှု စွမ်းရည် 30GW အပြင် စွမ်းဆောင်ရည်မြင့်ဆဲလ်စွမ်းရည် 10GW ကိုလည်း ဖြည့်ဆည်း ထားပြီး ဖြစ်ပါသည်။

**GCL SI** ကုမ္ပဏီသည် ကမ္ဘာလုံးဆိုင်ရာ နေရောင်ခြည် စွမ်းအင်စက်ရုံများ (PV Stations) တည်ဆောက်မှုနှင့် စွမ်းအင် သိုလှောင်မှုစနစ်များ (ESS) တပ်ဆင်မှုတွင် အထူးပြုသော နည်းပညာကုမ္ပဏီ တစ်ခုလည်း ဖြစ်သည်။ ၎င်း၏ Utility PV & ESS ဖြေရှင်းချက်များသည် စံပြအဖြစ် သတ်မှတ်ထားသော ဒီဇိုင်းများနှင့် တည်ဆောက်မှု များဖြင့် စွမ်းအင် ထုတ်လုပ်မှု ၏ ထိရောက်မှုကိုမြှင့်တင်ရန် ရည်ရွယ်ထားသည်။ GCL SI သည် ကမ္ဘာ့အဆင့်မီ၊ ပြည့်စုံသော ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင် ထောက်ပံ့သူ အဖြစ်ရပ်တည်စေပြီးမတူညီသော အသုံးချမှုပတ်ဝန်းကျင်များ အတွက် သင့်လျော်သည့် အရည်အသွေးမြင့် ထုတ်ကုန် မျိုးစုံကိုပေးအပ်လျက်ရှိပြီး တင်းကြပ်သောအရည်အသွေးစစ်ဆေးမှုများနှင့်စမ်းသပ်မှုများကိုခံယူထားပါသည်။

ယခုကဲ့သို့နည်းပညာမြင့်မားသောကုမ္ပဏီနှင့် MTSH အနေဖြင့် နားလည်မှုစာချွန်လွှာ (MOU) ရေးထိုး၍ ပူးပေါင်း လုပ်ဆောင်ခြင်းသည် MTSH အပါအဝင် ကုမ္ပဏီ၏လက်အောက်ခံကုမ္ပဏီများ၊ တွဲဖက်ကုမ္ပဏီများ၏ လျှပ်စစ်

Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township,
Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

လိုအပ်ချက်များ အပြင် မြန်မာနိုင်ငံအတွင်း လျှပ်စစ်မီးထုတ်လုပ်မှု စီမံကိန်းများ၏ စီမံကိန်းဖြစ်နိုင် ချေလေ့လာမှုများ (Feasibility Study) ကို အတူတကွ ထိရောက်စွာ ဆန်းစစ်သုံးသပ်နိုင်မည်ဖြစ်ပြီး နည်းပညာအထောက်အပံ့များစွာ သင်ယူရရှိနိုင်မည် ဖြစ်ပါသည်။

ဒါရိုက်တာအဖွဲ့ ကိုယ်စား

ထွန်းလွင်
ဒါရိုက်တာအဖွဲ့၏ အတွင်းရေးမှူး